**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းစဥ်အတွက်**

**ဧရာဝတီတိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ**

၁။ တပိုင်တနိုင်ဟင်းစားမွေးမြူရေး ဆောင်ရွက်မှုများကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြအပ် ပါသည်။

၂။ တပိုင်တနိုင်စီးပွားဖြစ် မွေးမြူရေး ဆောင်ရွက်မှုများကို နောက်ဆက်တွဲ (ခ)ဖြင့် ဖော်ပြအပ် ပါသည်။

၃။ ပေါင်းစည်းလယ်ယာ ဆောင်ရွက်ပြီးစီးမှုများကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြအပ်ပါ သည်။

၄။ တစ်ရွာထုတ်ကုန်တစ်မျိုးဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) (၁-၉-၂၀၁၁)ရက်နေ့တွင် ဒေး ဒရဲမြို့နယ်၊ ချောင်းဖျား လေးကျေးရွာနှင့် ကျားကုန်း ကျေးရွာရှိ ငါးရှဥ့် ရှာဖွေစားသောက်သူများအား ငါးရှဥ့် ပုံး (၅၀၀) ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

(ခ) (၁၁-၉-၂၀၁၁)ရက်နေ့တွင် မော်ကျွန်း မြို့နယ်၊ ကျိုက်ပိကျေးရွာ၌ ငါးရှဥ့်ဖမ်း ရေလုပ်သားများအား ငါးရှဥ့်မျိုး (၂၀၀)ကို လည်းကောင်း၊ (၁၄-၉-၂၀၁၁) ရက်နေ့ တွင် ဘိုးတီလွတ်ကျေးရွာ၌ ငါးရှဥ့်မျိုး (၂၀၀)အား လည်းကောင်း၊ ပန်းတနော် မြို့နယ်၊ အိုင်ကနုနှင့် စစ်ကိုင်း ကျေးရွာများရှိ ငါးရှဥ့်ဖမ်း အစု အဖွဲ့ဝင် (၃၄)ဦး အား ချေးငွေ (၃၀၀၀)ကျပ်စီ ထုတ်ချေးခဲ့ပြီး ငါးရှဥ့်မျိုး (၃၀၀)ကို လည်းကော င်း၊ (၁၅-၉-၂၀၁၁)ရက်နေ့၌ ဇလွန်မြို့နယ်၊ အိုင်ဆယ်ကျေးရွာရှိ ငါးရှဥ့်ဖမ်း ရေ လုပ်သား (၃၇)ဦးအား ငွေကျပ် (၁၈၅၀၀၀)တန်ဘိုးရှိ ငါးရှဥ့်မျိုး (၉၂၀)အား လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

(ဂ) (၁၉-၉-၂၀၁၁)ရက်နေ့တွင် လပွတ္တာ မြို့နယ်၊ ကျောက်မှော်ကျေးရွာရှိ ကဏန်း ထောင်ရေလုပ်သား (၂၅)ဦးအား ကဏန်းမျိုး (၁၀၇၅)လုံး ပေးအပ်ခဲ့ပါသည်။

၅။ ငါးကဏ္ဍအစုအဖွဲ့ ဖွဲ့စည်းပြီးစီးမှုအခြေအနေများကို နောက်ဆက်တွဲ (ဃ)၊ (င)၊ (စ) ဖြင့် ဖော်ပြအပ်ပါသည်။

၆။ အသားကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

(က) တိုင်းဒေသကြီးဦးစီးမှူးအနေဖြင့် (၃-၉-၂၀၁၁)ရက်နေ့တွင် မွေးမြူရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ (၆-၉-၂၀၁၁)ရက်နေ့တွင် ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့်လိုက်ပါ၍ မြောင်းမြမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်း၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း ခြင်း၊ (၇-၉-၂၀၁၁) နှင့် (၈-၉-၂၀၁၁)ရက်နေ့များတွင် လပွတ္တာမြို့နယ်အတွင်း မွေးမြူရေးကိစ္စများ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပုသိမ်မြို့တွင် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ (၉-၉-၂၀၁၁)ရက်နေ့တွင် ကန်ကြီးဒေါင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကွင်းဆင်းစစ်ဆေးလေ့လာပါသည်။ (၁၀-၉-၂၀၁၁)ရက်နေ့တွင် ပုသိမ်မြို့နယ်၊ စီးပွားဖြစ်ဘဲမွေးမြူရေးအစုအဖွဲ့နှင့်တွေ့ဆုံ၍ တိုးတက်မှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းပါ သည်။ (၁၃-၉-၂၀၁၁)ရက်နေ့တွင် အသားတိုးကြက် ထုတ်လုပ် သူများ အစုအဖွဲ့၏ အသားထုတ်လုပ်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပါ သည်။

၇။ ခရိုင်/ မြို့နယ်အဆင့်လှုပ်ရှားဆောင်ရွက်မှုများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) (၁-၉-၂၀၁၁)ရက်နေ့တွင် မြောင်းမြခရိုင်ရုံး၌ ကွယ်လွ ယ်ကျေးရွာရှိ ဝက်မွေးမြူ ရေး အစုအဖွဲ့သို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မွေးမြူရေး ချေးငွေ ကျပ်သိန်း (၉၀) ပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့ပါသည်။

(ခ) (၂-၉-၂၀၁၁)ရက်နေ့တွင် လပွတ္တာမြို့နယ်၊ညောင်လိမ်ကျေးရွာအုပ်စုသဲဖြူကျေးရွာ ၌ ဒေသကြက်နှင့်ဝက်များ တိုးချဲ့မွေး မြူရန် စည်းရုံးခြင်း၊ မအူပင်မြို့နယ်၊ ငါးကျီး ဂယက်ကျေးရွာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဌာန ဆိုင်ရာများနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆွေးနွေးခဲ့ပါသည်။ (၆-၉-၂၀၁၁) ရက်နေ့တွင် ကျောက်မှော်ကျေးရွာနှင့် (၈-၉-၂၀၁၁)ရက်နေ့တွင် ညောင်လိမ် ကျေးရွာများ၌ မွေးမြူရေးစကားဝိုင်းများ ပြုလုပ်ခဲ့ပါသည်။

(ဂ) (၆-၉-၂၀၁၁) ရက်နေ့တွင် စာဖြူစုကျေးရွာ၌ ဝက်ကာကွယ် ဆေးထိုးခြင်း၊ (၈-၉-၂၀၁၁) ရက်နေ့တွင် မဟာသာရွာရှိ ပေါင်းစည်းလယ်ယာအား စစ်ဆေးကြည့်ရှု ခြင်း၊ (၉-၉-၂၀၁၁) ရက်နေ့တွင် ကော်မတီဝင်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးပါသည်။

(ဃ) (၃-၉-၂၀၁၁)ရက်နေ့တွင် စာဖြူစုကျေးရွာ၌ ကြက်ဝမ်းကျရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ မွေးမြူရေးစကားဝိုင်းကျင်းပခြင်း၊ ကြက်၊ ဝက်တိုးချဲ့မွေးမြူရန် စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(င) (၄-၉-၂၀၁၁)ရက်နေ့တွင် ငပုတောမြို့နယ်၊ ဥယျာဉ်ကုန်းကျေးရွာ၌ ဝက် (၄၃) ကောင်အား ကာကွယ်ဆေးထိုးခြင်း၊ ဇလွန်မြို့နယ် ၊ကျောင်းကွင်းရွာရှိ ဦးစိုးဝင်း၏ ပေါင်းစည်းလယ်ယာအား ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဖျာပုံခရိုင် ထိတန်ကျေးရွာ တွင် ဒေသကြက် မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းခြင်း ၊ ကန်ဆိပ်ကျေးရွာတွင် အဖွဲ့ ဝင် (၇၀)ဦးဖြင့် ဖွဲ့စည်းခြင်း၊ဒေးဒရဲမြို့နယ်၊ ကျုံသင်ကျေးရွာ၌ ဝက်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းခြင်းများဆောင်ရွက်ခဲ့ပါသည်။

(စ) (၅-၉-၂၀၁၁)ရက်နေ့တွင် ဖျာပုံခရိုင်ဦးစီးမှူးမှ အမှတ် (၅)ရပ်ကွက်ရှိ ပေါင်းစည်း လယ်ယာအား သွားရောက်စစ်ဆေးခဲ့ပြီး ငပုတောမြို့နယ်၊ဒယ်ကုန်းကျေးရွာ၌ ဝက် (၂၉)ကောင်အားကာကွယ်ဆေးထိုးနှံပေးခဲ့ပါသည်။(၆-၉-၂၀၁၁) ရက်နေ့တွင် အခြား ကြီးကျေးရွာ၌ ကျွဲနှင့်ဝက်များကိုကာကွယ်ဆေးထိုးခြင်းတို့ ဆောင်ရွက်ခဲ့ ပါသည်။

(ဆ) (၇-၉-၂၀၁၁)ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု ၌ ဝက်မွေးမြူရေးသမား (၄၀)ဦးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မွေးမြူရေး ချေးငွေ သိန်း (၂၀)အားပေးအပ်ခဲ့ပါသည်။ ဘိုးတီလွတ်ရွာ၌ တိရစ္ဆာန် များတွင် ကျရောက်တတ်သော ကူးစက်ရောဂါများအကြောင်း ဆွေးနွေးခြင်း၊ ကာကွယ် ဆေးထိုးနှံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဇ) (၁-၉-၂၀၁၁)ရက်နေ့တွင် သာပေါင်းမြို့နယ်၊ ဘောတလင်းကုန်းရွာရှိ ပေါင်းစည်း လယ်ယာပြုလုပ်မည့်နေရာသို့သွားရောက် ကြည့်ရှုခဲ့ပါသည်။ (၂-၉-၂၀၁၁) ရက်နေ့တွင် စိုက်ပျိုးရေး၊ မြေ စာရင်းဦးစီးဌာနများနှင့်အတူ ဦးအောင်နေလင်း၏ ပေါင်းစည်းလယ်ယာစိုက်ပျိုး ရန်အတွက် သွားရောက်ကြည့်ရှုပါသည်။

(ဈ) (၅-၉-၂၀၁၁)ရက်နေ့တွင် ရေကြည်မြို့နယ်၊ ကညင်လေးပင်ကျေးရွာ၌ ကြက်၊ ဝက် ကာကွယ်ဆေးများ လှူဒါန်းခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မွေးမြူရေး တိုးချဲ့ရန် ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ည) (၈-၉-၂၀၁၁)ရက်နေ့တွင် ဟသ်ာတခရိုင်၊ အိပ်ပျက်ရွာ၌ ပေါ င်းစည်းလယ်ယာ ဖေါ်ထုတ်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ (၉-၉-၂၀၁၁)ရက်နေ့တွင် မွေးမြူသူ (၁၈၅)ဦးတို့နှင့် တွေ့ဆုံ၍ မွေးမြူရေးစကားဝိုင်း ပြုလုပ်ခဲ့ ပြီး ကြက် မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန် ညှိနှိုင်းခဲ့ပါသည်။ (၁၀-၉-၂၀၁၁) ရက်နေ့တွင် အင်္ဂပူ၊ ဇလွန်မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ပါ သည်။

(ဋ) (၅-၉-၂၀၁၁)ရက်နေ့တွင် မြန်အောင်မြို့နယ်ဦးစီးမှူးသည် ဟသ်ာတခရိုင်အုပ်ချုပ် ရေးမှူးရုံး၌လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်ပါသည်။ (၁၀-၉-၂၀၁၁) ရက်နေ့တွင် ပေါင်းစည်းလယ်ယာ စီမံချက်ရေးဆွဲခြင်း နှင့် သားငါးကဏ္ဍ ဆောင်ရွက် ပြီးစီးမှု အခြေအနေများ တင်ပြဆောင်ရွက်ပါသည်။

(ဌ) (၆-၉-၂၀၁၁)ရက်နေ့တွင် ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာ၌ မွေးမြူရေးကိစ္စ များ ဆွေးနွေးခဲ့ပါသည်။ (၈-၉-၂၀၁၁)ရက်နေ့တွင် ဆိပ်သာ၊ မက်သနောစက်ရုံနှင့် ပေါက်တိုင်းရွာတို့တွင် မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။ (၉-၉-၂၀၁၁) ရက်နေ့တွင် ဘက်ရဲကျေးရွာ၌ ပေါင်းစည်းလယ်ယာ ဖေါ်ထုတ်နိုင်ရေး ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

(ဍ) ဝါးခယ်မမြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၌ ရွာလုံးကျွတ်ဘဲမွေးမြူရေးနှင့် ဝက် မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည် ။

(ပ) (၇-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်လတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်ရှိ ပေါင်းစည်း လယ်ယာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပါသည်။ လှည်းဆိပ်ကျေးရွာတွင် ဒေသ ကြက်များ တိုးချဲ့မွေးမြူရန် စည်းရုံးခဲ့ပါသည်။ (၁၀-၉-၂၀၁၁)ရက်နေ့တွင် တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ စီမံ/စီးပွားဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့နှင့်အတူ မွေးမြူ ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆောင်ရွက်ခဲ့ပါသည်။

(ဖ) (၆-၉-၂၀၁၁)ရက်နေ့တွင် ကျိုက်လတ်မြို့နယ်၊ ကျုံကလွတ်ရွာ၌ မွေးမြူရေးအစု အဖွဲ့များ ဖွဲ့စည်းရန် စည်းရုံးခြင်း၊ (၉-၉-၂၀၁၁)ရက်နေ့တွင် ဘုံလုံချောင်းကျေးရွာ အုပ်စု၊ ခရာပင်ဆိပ်ရွာ၌ တိရစ္ဆာန်များ ကာကွယ်ဆေးထိုးနိုင်ခြင်း၊ (၁၀-၉-၂၀၁၁) ရက်နေ့တွင် ပေါင်းစည်းလယ်ယာသို့ သွားရောက်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။

(တ) (၆-၉-၂၀၁၁)ရက်နေ့တွင် ဒေးဒရဲမြို့နယ်၊ ကုန်းတန်းကလေးရွာ၌ ကြက်မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။

နောက်ဆက်တွဲ (က)

## ဧရာဝတီတိုင်းဒေသကြီးအတွင်း တပိုင်တနိုင်ဟင်းစားမွေးမြူရေး ဆောင်ရွက်မှုများ

| စဉ် | ရက်စွဲ | မြို့နယ် | ကျေးရွာ | လုပ်ငန်းဆောင်ရွက်သည့် အကြောင်းအရာ | အမျိုးအစား | ကောင်ရေ |
|---|---|---|---|---|---|---|
| ၁။ | ၂-၉-၂၀၁၁ | ညောင်တုန်း | | စပါးခင်းဧက (၄၀၀) | ငါးခုံးမ | ၂၀၀၀၀၀ |
| ၂။ | ၄-၉-၂၀၁၁ | ပန်းတနော် | ပသွယ် | တောင်သူ (၁၃)ဦး၊ (၅၂)ဧက | ငါးခုံးမ | ၂၆၀၀၀ |
| ၃။ | ၄-၉-၂၀၁၁ | ဘိုကလေး | သကန် | တောင်သူ (၂၈)ဦး၊ (၂၅၀)ဧက | ငါးခုံးမ | ၁၂၅၀၀၀ |
| ၄။ | ၁၄-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ပိန်ချောင်း | စပါးခင်း (၅)ဧက | ငါးခုံးမ | ၂၅၀၀ |
| ၅။ | ၁၄-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ကန်ရွာ | စပါးခင်း (၄၀)ဧက | ငါးခုံးမ | ၂၀၀၀၀ |
| ၆။ | ၁၄-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ဝဲကြီး | စပါးခင်း (၁၀၀)ဧက | ငါးခုံးမ | ၅၀၀၀၀ |
| ၇။ | ၁၄-၉-၂၀၁၁ | ကန်ကြီးဒေါင့် | အစုကြီး | စပါးခင်း (၂၅)ဧက | ငါးခုံးမ | ၁၂၅၀၀ |
| ၈။ | ၁၅-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ပေပင်လေး | စပါးခင်း (၂၅)ဧက | ငါးခုံးမ/ရွှေဝါ | ၆၅၀၀/၆၀၀၀ |
| ၉။ | ၁၅-၉-၂၀၁၁ | ကန်ကြီးဒေါင့် | လက်ဆောင်ကွင်း | စပါးခင်း (၂၀)ဧက | ငါးခုံးမ/ရွှေဝါ | ၅၀၀၀/၄၅၀၀ |
| ၁၀။ | ၁၅-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ထိန်တော်ကြီး | စပါးခင်း (၂၀)ဧက | ငါးခုံးမ/ရွှေဝါ | ၇၀၀၀/၃၀၀၀ |
| ၁၁။ | ၁၅-၉-၂၀၁၁ | ကန်ကြီးဒေါင့် | မိချောင်းတစ်ရာ | စပါးခင်း (၂)ဧက | ငါးခုံးမ/ရွှေဝါ | ၅၀၀/၅၀၀ |
| ၁၂။ | ၁၅-၉-၂၀၁၁ | ကန်ကြီးဒေါင့် | ကွင်းလျားအရှေ့ | စပါးခင်း (၃၀)ဧက | ငါးခုံးမ/ရွှေဝါ | ၈၀၀၀/၇၀၀၀ |
| ၁၃။ | ၁၅-၉-၂၀၁၁ | ပုသိမ် | လိပ်ကုန်း | စပါးခင်း (၃၀)ဧက | ငါးခုံးမ/ရွှေဝါ | ၁၀၀၀၀/၅၀၀၀ |
| ၁၄။ | ၁၅-၉-၂၀၁၁ | ပုသိမ် | ကွင်းကောက် | စပါးခင်း (၂၇)ဧက | ငါးခုံးမ/ရွှေဝါ | ၉၀၀၀/၄၅၀၀ |
| ၁၅။ | ၁၅-၉-၂၀၁၁ | ပုသိမ် | သပြေပင် | စပါးခင်း (၁၀)ဧက | ငါးခုံးမ/ရွှေဝါ | ၃၀၀၀/၂၅၀၀ |
| ၁၆။ | ၁၈-၉-၂၀၁၁ | ဖျာပုံ | အောင်သာယာ | စပါးခင်း (၆.၇၂)ဧက | ငါးရှဉ့် | ၅၀၀၀ |
| ၁၇။ | ၂၅-၉-၂၀၁၁ | အင်္ဂပူ | ကျိုးကြီး၊ မှတ်တိုင်၊ တလိုင်းကွင်း၊ ကွင်းကောက်၊ ဘွက် | လမ်းဘေးဝဲယာ စပါးခင်းများ | သားပေါက် | ၆၀၀၀၀ |
| | | | စုစုပေါင်း | | | |

နောက်ဆက်တွဲ (ခ)

## ဧရာဝတီတိုင်းဒေသကြီးအတွင်း တပိုင်တနိုင်စီးပွားဖြစ်မွေးမြူရေး ဆောင်ရွက်မှုများ

| စဉ် | ရက်စွဲ | မြို့နယ် | ကျေးရွာ | လုပ်ငန်းဆောင်ရွက်သည့် အကြောင်းအရာ | အမျိုးအစား | ကောင်ရေ |
|---|---|---|---|---|---|---|
| ၁။ | ၆-၉-၂၀၁၁ | ဟင်္သာတ | အိပ်ပျက် | ငါးမွေးမြူသူ (၃၇)ဦး | သားပေါက် | ၂၂၂၀၀ |
| ၂။ | ၉-၉-၂၀၁၁ | ကြံခင်း | ဘက်ရဲ | ငါးမွေးကန် (၀.၆၅)ဧက | ငါးမြစ်ချင်း | ၁၀၀၀ |
| ၃။ | ၁၁-၉-၂၀၁၁ | ဖျာပုံ | | အင်းချောင်းများအတွင်း | ငါးခုံးမ | ၁၀၀၀၀၀ |
| ၄။ | ၁၇-၉-၂၀၁၁ | ဖျာပုံ | အမာမြို့နယ်ခွဲ | အင်း (၃၅)အင်း | ငါးခုံးမ | ၁၀၀၀၀၀ |
| ၅။ | ၁၈-၉-၂၀၁၁ | မြန်အောင် | မြို့မ တဲကြီးကုန်း | ငါးမွေးကန် (၁.၅၀) ဧက | ငါးမြစ်ချင်း/ငါးခုံးမ/ တီလားပီးယား | ၅၀၀၀/၈၀၀၀/ ၂၀၀၀/ |
| ၆။ | ၂၄-၉-၂၀၁၁ | ပန်းတနော် | မင်းဆည်၊ချောင်းကလေး၊ တော်တယ | ငါးမွေးမြူသူ (၄)ဦး၊ (၃.၀၁)ဧက | ငါးခုံးမကြီး | ၁၀၀၀၀ |
| ၇။ | ၂၄-၉-၂၀၁၁ | မအူပင် | သုံးကြိုင် | (၁)ဧကနှင့် အောက် | ငါးခုံးမကြီး | ၁၄၄၀၀ |
| **စုစုပေါင်း** | | | | | | |

နောက်ဆက်တွဲ (ဂ)

# ဧရာဝတီတိုင်းဒေသကြီးရှိ ပေါင်းစည်းလယ်ယာဆောင်ရွက်ထားရှိမှုအခြေအနေ

(ရိုးရိုးဂဏန်း)

| စဉ် | မြို့နယ် | ကျေးရွာ | ပိုင်ရှင်အမည် | ဖွဲ့စည်းသည့်နေ့ | စိုက်ပျိုးမွေးမြူထားရှိမှု | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | လယ်ဧက | နွား | ဝက် | ကြက် | ဘဲ | ဆိတ် | ငါးကန် | | |
| | | | | | | | | | | | ဧက | ကောင်ရေ | |
| ၁။ | ကန်ကြီးထောင့် | အပင်နှစ်ဆယ် | ဦးသောင်းငွေ | ၃-၉-၂၀၁၁ | ၈.၀၀ | ၂ | | ၂၀ | ၃၀ | | ၁.၅၀ | ၃၀၀၀ | |
| ၂။ | မြန်အောင် | မြို့မတဲကြီးကုန်း | ဦးသိန်းမြင့် | ၅-၉-၂၀၁၁ | ၁၀.၅၀ | ၄ | | ၃၀ | ၁၀ | | ၀.၃၆ | ၁၀၅၀ | |
| ၃။ | ဘိုကလေး | ဖိုးရွှေလုံး | ဦးဝင်းမြင့် | ၁၂-၉-၂၀၁၁ | ၅.၀၂ | ၃ | ၅ | | ၂၀၀ | ၁၀ | ၀.၆၁ | ၃၀၀၀ | |
| **စုစုပေါင်း** | | | | | **၂၃.၅၂** | **၉** | **၅** | **၅၀** | **၂၄၀** | **၁၀** | **၂.၄၇** | **၇၀၅၀** | |